# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိဌာနများမှ မှာကြားလာသောမိတ္တူကူးစက် နှင့် Printerတို့ တွင် အသုံးပြုရန်လိုအပ်သည့်Toner & Cartridge(42)Itemsကိုဝယ်ယူရေးကိစ္စ အတွက်အိတ်ဖွင့်တင်ဒါ တင် သွင်း ရန် ဖိတ်ခေါ်အပ်ပါသည်။ အဆိုပြု ဈေးနှုန်းတွင် With Holding Tax 2% & Commercial Tax 5% အပါအဝင်ဖြစ်ရန်နှင့် စာချုပ်တံဆိပ်ခေါင်းခွန်အတွက်ကုမ္ပဏီမှကျခံ ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ အထက် ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက် ပေးပို့ရမည် ဖြစ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် အခွန်ဦးစီးဌာနမှ သက်ဆိုင်ရာ စည်းကြပ်နှစ်အလိုက် ထုတ်ပေးသည့်အခွန် ကင်းရှင်း ကြောင်းထောက်ခံချက်(မိတ္တူ)၊ တင်ဒါစပေါ်ငွေပေးသွင်းပြေစာ(မိတ္တူ)၊ ကုမ္ပဏီ/အရောင်းဆိုင် ၏သက်တမ်းရှိလိုင်စင်(မိတ္တူ)နှင့်အဆိုပြုဈေးနှုန်းတင်သွင်းမည့်ပစ္စည်း၏အမျိုးအစားတို့ကိုပြည့်စုံစွာပူးတွဲတင်ပြ ရမည် ဖြစ်ပါသည်။ အထက်ပါ အချက်အလက်များ ပြည့်စုံစွာ ပူးတွဲ တင်ပြထားခြင်း မရှိပါက ဆိုဈေးအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါတင်သွင်းရာတွင်ငွေကျပ် ၄၀၀,၀၀၀/- (ကျပ် လေးသိန်း တိတိ) ကို တင်ဒါစပေါ်ငွေ အဖြစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စာရင်းဌာနတွင် **၁၅-၈-၂၀၂၃ ရက်နေ့၊ (၁၅:၀၀)နာရီ နောက်ဆုံး** ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရန်ပုံစံ နှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၂,၀၀၀/- နှုန်း ဖြင့်(၉-၈-၂၀၂၃) ရက်နေ့မှစ၍ (၁၅-၈-၂၀၂၃)ရက်နေ့ (ရုံးဖွင့်ရက်၊ရုံးချိန်)အတွင်း ဗဟိုပစ္စည်းထိန်းဌာန၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗိုလ်တထောင်ဘုရား အနောက်ဖက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး၊ ကမ်းနားလမ်းတွင် လာရောက်ဝယ်ယူ နိုင်ပါသည်။

၅။ တင်ဒါတင်သွင်းရမည့်နေရာ၊ နေ့ရက်နှင့် အချိန်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါတင်သွင်းရမည့်နေရာ | - | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၊ ပထမထပ်၊ အစည်းအဝေးခန်းမ၊ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ (" ဥက္ကဋ္ဌ၊တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်" ဟု လိပ်မူ တင်သွင်း ရန် ဖြစ်သည်) |
| (ခ) | တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် | - | ၁၇-၈-၂၀၂၃ရက်နေ့၊(၁၃:၀၀နာရီ) (အဆိုပါသတ်မှတ်ချိန်ထက်ကျော်လွန်ပါကလုံးဝလက် ညံမဟုတ်ပါ) |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**